# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၂/၂၀၁၇)

| | |
|---|---|
| ဒေါ်သက်ထားဆွေ (Managing Director) ဦးမိုးပွင့် (Director) ၊ Hallmark Manufacturing Co.,Ltd (အထည်ချုပ်စက်ရုံ) အမှတ်(၅၂/က)၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးထွန်းထွန်းဝင်း (Cutting Super) အမှတ် - ၇၁၂(ခ)၊ ပေါ်ဆန်းမွှေး(၁)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၁၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၁)၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ အမှတ် (၅၂/က) ရှိ Hallmark Manufacturing Co.,Ltd (အထည်ချုပ်စက်ရုံ) Managing Director ဒေါ်သက်ထားဆွေ၊ ဦးမိုးပွင့် (Director) နှင့် အလုပ်သမား ဦးထွန်းထွန်းဝင်းတို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၅၉/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဖွန်လ၊ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးထွန်းထွန်းဝင်းမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်သမားမှအောက်ပါကောက်ချက်အမှတ်(၁) ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** လုပ်ငန်းခွင်အတွင်း ခိုက်ရန်ဖြစ်ပွားကာ ရှုန်းရင်းဆန်ခတ်ဖြစ်စေခဲ့သဖြင့် အလုပ်ပြန်လည်ခန့်ထားသင့်/မသင့် (သို့မဟုတ်) အလုပ်ထုတ်နစ်နာကြေးပေးရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးထွန်းထွန်းဝင်းအား နို့တစ်ကြေး(၁)လစာ ကျပ် ၄၅၀,၀၀၀/-၊ လုပ်သက်(၁)နှစ်ကျော်ရှိသဖြင့် အလုပ်ထုတ်နစ်နာကြေး (၁)လစာ ကျပ် ၄၅၀,၀၀၀/-၊ စုစုပေါင်း ၉၀၀,၀၀၀/- (ကျပ်ကိုးသိန်းတိတိ) ထုတ်ပေးရန်ဆုံးဖြတ်သည်။

၅။ အထက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၉/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၄၂/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ စိစစ်လေ့လာသုံးသပ်ခဲ့သည်။ ထို့ပြင် အငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံသမာဓိကောင်စီ ခုံအဖွဲ့ရှေ့မှောက်သို့ ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ်လည်း အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်(၁)ချက်ကို ရေးဆွဲချမှတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** လုပ်ငန်းခွင်အတွင်း ခိုက်ရန်ဖြစ်ပွားကာ အလုပ်ထုတ်ခံရမှုအတွက် အလုပ်ထုတ်နစ်နာကြေးပေးရန် သင့်/မသင့်။

တွေ့ရှိချက်

၇။ အလုပ်သမား ဦးထွန်းထွန်းဝင်းက (၁၆-၁၂-၂၀၁၅) ရက်နေ့တွင် စတင်ဝင်ရောက်ပြီး၊ (၂၈-၄-၂၀၁၇) ရက်နေ့တွင် အလုပ်မှထုတ်ပယ်ခံခဲ့၍ ဥပဒေနှင့်အညီနစ်နာကြေးရလိုကြောင်း (၂-၅-၂၀၁၇) ရက်စွဲဖြင့် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါသည်။

၈။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄-၅-၂၀၁၇)ရက်နေ့နှင့် (၁၁-၅-၂၀၁၇)ရက်နေ့များတွင် ညှိနှိုင်းရာ ဦးထွန်းထွန်းဝင်းက စက်ရုံအတွင်း ရန်းရင်းဆန်ခတ်ဖြစ်မှုသဘောသာရှိကာ ကိုယ်ထိလက်ရောက်အရိုက်ခံရပြီး၊ အလုပ်မှထုတ်ပယ်ခံရ၍နစ်နာကြေးရလိုမှု သို့မဟုတ် နစ်နာမှုအတွက် ဥပဒေပါအတိုင်းဆောင်ရွက်ပေးရန် တင်ပြခဲ့ပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ ဦးထွန်းထွန်းဝင်းက တင်ပြသည့်တောင်းဆိုလွှာတွင် (၂၈-၄-၂၀၁၇)ရက်နေ့တွင် လုပ်ငန်းသဘောအရ တစ်ဦးနှင့်တစ်ဦးစကားပြောရာမှ စက်ပြင်ဆရာ (ဦးသက်နိုင်)မှ ကိုယ်ထိလက်ရောက်ကျူးလွန်မှုကိုခံခဲ့ရကြောင်း၊ တစ်စုံတစ်ရာပြန်လည်တုံ့ပြန်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ နစ်နာမှုအား ဥပဒေ၌ပါရှိသည့်အတိုင်း ဆောင်ရွက်ပေးရန်တိုင်ကြားပါကြောင်း ဖော်ပြထားပါသည်။

၁၀။ ခုံသမာဓိအဖွဲ့တွင် အမှုစစ်ဆေးရာ၌ ဦးထွန်းထွန်းဝင်းက ကုန်ထုတ်မန်နေဂျာ ဦးစန်းမြင့်၏ စေခိုင်းချက်အရ မိမိအလုပ်မဟုတ်သော ကားထဲမှပစ္စည်းသွားချပေးကြောင်း၊ ပစ္စည်းအတူချနေသူ စက်ပြင် Super အား မိမိအလုပ်မဟုတ်ဘဲ ဘာကြောင့်လုပ်ပေးရမလဲဟုပြောပြီး၊ ပစ္စည်းချသော စက်ပြင်ဌာနမှ အလုပ်သမားဦးရေ၊ Cutting ဌာနမှ အလုပ်သမားဦးရေနှင့် စပ်လျဉ်းပြီး စကားများကာ စက်ပြင် Super က ညစ်ညမ်းစကားပြောကြောင်း၊ ထို့နောက်ထိုသူက မိမိအားရိုက်ကြောင်း၊ မိမိကဘာမှပြန်မလုပ်ကြောင်း၊ မိမိကဘာမှမလုပ်ရဘဲ အရိုက်လည်းခံရပြီး အလုပ်ထုတ်ခံရသည့် အတွက်မကျေနပ်ကြောင်း၊ ပစ္စည်းသယ်ပေးသောအလုပ်ကို အရင်ကလုပ်ဖူးသလားဆိုသည့် အချက်နှင့်စပ်လျဉ်း၍ ဌာနပေါင်းစုံအားကူညီပံ့ပိုးရကြောင်း၊ အလုပ်ပြန်လည်ဝင်ရောက်လိုကြောင်း သို့မဟုတ် ဥပဒေပါခံစားခွင့်များကိုလိုချင်ပါကြောင်းထွက်ဆိုခဲ့ပါသည်။

၁၁။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းရာတွင် အလုပ်ရှင်ဘက်မှ အလုပ်ချိန်အတွင်း ရန်ဖြစ်ကြောင်း၊ ရန်ဖြစ်သူ (၃)ဦးဖြစ်သော ဦးထွန်းထွန်းဝင်း၊ ဦးသက်နိုင်နှင့် ဦးကိုကိုမင်းတို့အား အလုပ်မှထုတ်ပယ်ခဲ့ကြောင်း၊ အလုပ်ပြန်ခန့်ရေးနှင့်နစ်နာကြေးအား လုံးဝမပေးနိုင်ကြောင်း ထွက်ဆိုပါသည်။

၁၂။ ခုံသမာဓိအဖွဲ့သို့ အလုပ်ရှင်ဘက်မှတင်ပြသည့် ချေပလွှာတွင် (၂၈-၄-၂၀၁၇) ရက်နေ့ နေ့လည်အချိန်တွင် စိုက်ရန်ဖြစ်ပွားပြီး၊ ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း၊ အထည်ပိုစံပြုလုပ်ရာ တွင်သုံးသော ကော်ပြားများကားပေါ်မှချရန် ထုတ်လုပ်မှုတာဝန်ခံမှ Cutting ဦးထွန်းထွန်းဝင်းနှင့်

စက်ပြင် ဦးသက်နိုင်တို့အား အကူအညီတောင်းသဖြင့် ကားပေါ်မှပစ္စည်းချစဉ် စက်ပြင် Super ဦးသက်နိုင်က ဦးထွန်းထွန်းဝင်း ပုခုံးကိုဖိနှိပ်ပြီး နောက်ပြောင်ကျီစယ်ခဲ့သည်ဟုသိရှိရကြောင်း၊ ဦးထွန်းထွန်းဝင်း၏ညီ ဦးကိုကိုမင်းမှ Super အား ဖိနပ်ဖြင့် ပစ်ပေါက်ရိုက်နှက်ခဲ့သည်ဟုသိရကြောင်း၊ ထိုသို့ဖြစ်ပွားမှုကို ထုတ်လုပ်မှုတာဝန်ခံ စက်လိုင်း All Super ဒေါ်ဝင်းဝင်းမော်၊ Buyer ၏ စကားပြန်တို့မှ ဖျန်ဖြေခဲ့ရာ ရန်းရင်းဆန်ခတ်မှုအဆုံးသတ်ခဲ့ကြောင်း၊ ထို့နေ့တွင်ပင် (၃)ဦးအား လုပ်ငန်းချိန်အတွင်းခိုက်ရန်ဖြစ်ပွားပြီး ရန်းရင်းဆန်ခတ်ဖြစ်ခဲ့မှုကြောင့် ဖျန်ဖြေသူ(၃)ဦးအား အသိသက်သေထား၍ အလုပ်ထုတ်စာတွင် အလုပ်သမား (၃)ဦးအား လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ စက်ရုံ၏စည်းကမ်းထိန်းသိမ်းရေးနှင့် လုပ်ငန်းခွင်သာယာရေးကို ထိခိုက်စေသောအပြုအမူဖြစ်သောကြောင့် အလုပ်မှမဖြစ်မနေထုတ်ပယ်ခဲ့ရကြောင်း၊ ဦးထွန်းထွန်းဝင်းနှင့် စက်ပြင် Super တို့မှာ ထုတ်လုပ်မှုတွင်အရေးပါသူများဖြစ်သော်လည်း ခိုက်ရန်ဖြစ်ပွားသည့်အနေအထားသို့ ပြုမူနေထိုင်ခြင်းမှာ မဖြစ်သင့်ကြောင်းဖော်ပြထားပါသည်။

၁၃။ ခုံသမာဓိအဖွဲ့မှစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှထွက်ဆိုရာ၌ စက်ပြင်ဆရာကို ဦးထွန်းထွန်းဝင်းက ခင်ဗျားတို့မချနိုင်ဘူးလားပြောပြီး စကားများကြကြောင်း၊ ဦးထွန်းထွန်းဝင်း၏ ဂုတ်ပိုးကို စက်ပြင်ဆရာကလှမ်း၍ပုတ်ကြောင်း၊ စက်ပြင်ဆရာကို ဦးကိုကိုမင်းက ဖိနပ်ဖြင့်ပေါက်ကြောင်း၊ အလုပ်ထုတ်ချိန်တွင် ခင်ဗျားတို့ကအကြီးတွေ ရှေ့ဆောင်လမ်းပြဖြစ်တယ်၊ ခင်ဗျားတို့ကို အရေးမယူရင် ကျန်ခလေးတွေကိုထိန်းရခက်မယ်၊ ဒါကြောင့် အလုပ်ထုတ်တယ်ဟုပြောခဲ့ကြောင်း၊ ရန်ဖြစ်ချိန်မှာ (၅)မိနစ်မှ(၁၀)မိနစ်ခန့်ကြာပြီး၊ အနီးရှိသူများ ဝရုန်းသုန်းကားဖြစ်သွားကြကြောင်း၊ ဦးထွန်းထွန်းဝင်းက စက်ပြင်ဆရာကို ကိုယ်ထိလက်ရောက်မပြုခဲ့ကြောင်း၊ ပြန်ပြီးရန်လုပ်မည့် အမူအရာပြခဲ့ကြောင်း၊ ဦးထွန်းထွန်းဝင်းသည် ယခင်က ပြစ်မှုတစ်စုံတစ်ရာမရှိခဲ့ဖူးကြောင်း စသည်များပါရှိပါသည်။

၁၄။ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) စက်ရုံအတွင်း လုပ်ငန်းခွင်၌ ခိုက်ရန်ဖြစ်ပွားမှု၊ အချင်းများမှုသည် ကြီးလေးသော ပြစ်မှုဖြစ်သည်ကို လုပ်သားအားလုံးလိုက်နာရမည့်စည်းကမ်းဖြစ်ကြောင်း၊

(ခ) လက်ရောက်ကျူးလွန်ခဲ့သူ ဦးသက်နိုင်နှင့် ဖိနပ်ဖြင့်ပေါက်သူ ဦးကိုကိုမင်းတို့အား အလုပ်မှထုတ်ခြင်းသည် သင့်လျော်ကြောင်း၊

(ဂ) ဦးသက်နိုင်သည် ဦးထွန်းထွန်းဝင်း၏ ဂုတ်ပိုးကို ရိုက်ခဲ့ရာတွင် ဦးထွန်းထွန်းဝင်းက တုန့်ပြန်မှုမပြုလိုက်ရဘဲ ၎င်း၏ညီဖြစ်သူ ဦးကိုကိုမင်းက ဖိနပ်ဖြင့်ပေါက်စဉ်

တာဝန်ရှိသူများဝိုင်းဝန်းဖျန်ဖြေခဲ့သဖြင့် ဦးထွန်းထွန်းဝင်းက လက်ရောက်ပြုလုပ်ရခြင်းမရှိသေးကြောင်း၊

(ဃ) ခိုက်ရန်ဖြစ်ပွားသူ (၃)ဦးစလုံးအား အလုပ်မှရပ်စဲခဲ့ရာ ဦးထွန်းထွန်းဝင်းတစ်ဦးသာ တိုင်ကြားခဲ့ကြောင်း၊

<u>ခုံအဖွဲ့တွင်ဆောင်ရွက်ချက်</u>

၁၅။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ အလုပ်ရှင်ဘက်မှ အောက်ပါအချက်များကို ဖော်ပြလျှောက်ထားခဲ့ပါသည်-

(က) ဦးသက်နိုင်နှင့် ဦးထွန်းထွန်းဝင်းတို့ (၂)ဦးမှာ စတင်ခိုက်ရန်ဖြစ်ပွားပြီး၊ ရှန်းရင်းဆန်ခတ်ဖြစ်ရခြင်းဖြစ်ကြောင်း၊

(ခ) ခိုက်ရန်ဖြစ်ပွားချိန်တွင် ဦးထွန်းထွန်းဝင်း၏ ညီဖြစ်သူ ဦးကိုကိုမင်းပါဝင်လာပြီး ခိုက်ရန် ဖြစ်ပွားသူ (၃)ဦးဖြစ်ကြောင်း၊

(ဂ) ခိုက်ရန်ဖြစ်ပွားရာတွင် နှစ်ဦးနှစ်ဖက်မကျေနပ်၍သာ ဖြစ်ပွားကြခြင်းဖြစ်၍ မည်သူသာသည်၊ မည်သူနာသည်ဟူ၍ ရှိမည်မထင်ကြောင်း၊ ခိုက်ရန်ဖြစ်ပွားသူအားလုံးကို အရေးယူရမည်ဖြစ်ကြောင်း၊

(ဃ) ဦးထွန်းထွန်းဝင်းအား နစ်နာကြေးပေးရပါက ကျန်(၂)ဦးမှလည်း အကြောင်းအမျိုးမျိုးပြ၍ နစ်နာကြေးတောင်းဆိုလာနိုင်ဖွယ်ရှိကြောင်း၊

**သုံးသပ်ချက်**

၁၆။ ဦးထွန်းထွန်းဝင်း ပါဝင်ပတ်သက်သည့် အမှုပါဖြစ်ရပ်သည် စက်ရုံမှလူကြီးများအတွက်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်မှုအတွက်လည်းကောင်း၊ စိတ်အနှောက်အယှက်ဖြစ်ဖွယ်ရာရှိပါသည်။ စက်ရုံ၏တည်ငြိမ်အေးချမ်းမှုရရှိစေရန် ရည်ရွယ်၍ဖြစ်ရပ်တွင်ပါဝင်သူများအား အလုပ်မှထုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။

၁၇။ ၂၈-၄-၂၀၁၇ ရက်နေ့၊ ဖြစ်ရပ်တွင်ပါဝင်သူ (၃)ဦးစလုံးကို အလုပ်မှထုတ်ပယ်ခြင်းဖြစ်ရာ တစ်စုံတစ်ရာစုံစမ်းစစ်ဆေးမှုပြုခဲ့ခြင်းမရှိပါ။ ဖြစ်ပွားသည့်နေ့တွင်ပင် အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်ပါသည်။ စက်ရုံတွင်ကျင့်သုံးမည်ဟုရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် လုပ်ဆောင်ထားပြီး၊ မချုပ်ဆိုဖြစ်သေးသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် နောက်ဆက်တွဲ "ခ" အပိုဒ် (၃)ပါ အချက်

နှင့် စက်ရုံတွင်ကပ်ထားသည့်စည်းကမ်းချက်ကို မလိုက်နာမှုဖြင့် အလုပ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြမှုကိုတွေ့ရှိရပါသည်။

၁၈။ စက်ရုံတွင်ကပ်ထားသည့်စည်းကမ်းချက်မိတ္တူကို အလုပ်ရှင်ဘက်မှတင်ပြခဲ့၍ စိစစ်ရာ ယခုဖြစ်ရပ်နှင့်သက်ဆိုင်သည့်အချက်အလက်တစ်စုံတစ်ရာမပါရှိကြောင်းတွေ့ရှိရပါသည်။

၁၉။ စက်ရုံတွင်ကျင့်သုံးမည်ဟုရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် လုပ်ဆောင်ထားပြီး၊ ယခုအလုပ်သမားများနှင့်မချုပ်ဆိုရသေးသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် နောက်ဆက်တွဲ "ခ" အပိုဒ် (၃)ပါ အချက်များနှင့် ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်များအပေါ် အောက်ပါအတိုင်းသုံးသပ်ပါသည်-

(က) **လုပ်ငန်းခွင်အတွင်း ဝန်ထမ်းအချင်းချင်းကိုယ်ထိလက်ရောက်ခိုက်ရန်ဖြစ်ပွားမှုဆိုသော** အချက်နှင့်စပ်လျဉ်း၍ ခိုက်ရန်ဖြစ်ပွားမှုတွင် ဦးထွန်းထွန်းဝင်းပါရှိပါသည်။ သို့သော် ယင်းက ကိုယ်ထိလက်ရောက်ပြုလုပ်မှုမရှိခဲ့ပါ။

(ခ) **ရှုန်းရင်းဆန်ခတ်ဖြစ်ပွားစေခြင်းဆိုသောအချက်နှင့်စပ်လျဉ်း၍** ခေတ္တခဏမျှသာ အချိန်ကြာခဲ့မှု၊ စက်ရုံတစ်ခုလုံး၏ပုံမှန်အခြေအနေနှင့် ဖြစ်ရပ်ဖြစ်ပွားစဉ်က လုပ်ကိုင်နေသည့်လုပ်ငန်းကို ပျက်ပြားစေမှုများကို တစ်စုံတစ်ရာတင်ပြမှုများမရှိခဲ့ပါ။ ထိုအချင်းအရာများပေါ်ပေါက်မှုမရှိခဲ့ကြောင်း မှတ်ယူနိုင်ပါသည်။

(ဂ) **တစ်စုံတစ်ဦးအားအပြင်းအထန်နာကျင်စေမှုဖြစ်စေရန် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းဆိုသောအချက်နှင့်စပ်လျဉ်း၍** ဦးထွန်းထွန်းဝင်းမှာ တစ်ပါးသူ၏ပြုမူမှုကိုသာခံရပြီး၊ အပြင်းအထန်နာကျင်စေမှုကိုစွဖြစ်ပွားခဲ့သည်ဟု သတ်မှတ်ရန်ထက် ရိုးရိုးရိုက်မှု သို့မဟုတ် ပုတ်ခတ်မှုသာဖြစ်ပွားခဲ့ပါသည်။

(ဃ) **စကားများရန်ဖြစ်ရိုက်နှက်ခြင်းဆိုသော** အချက်နှင့်စပ်လျဉ်း၍ ရန်ဖြစ်ရာ၌ ဦးထွန်းထွန်းဝင်းပါဝင်ခဲ့ပြီး၊ ရိုက်နှက်မှုမပြုလုပ်ခဲ့ပါ။

၂၀။ ယခုဖြစ်ရပ်တွင် လက်ရောက်မှုကို အမှန်တကယ်ကျူးလွန်သူများမှာ ဦးသက်နိုင်နှင့် ဦးကိုကိုမင်းတို့သာဖြစ်ကြောင်း စစ်ဆေးချက်များအရ ထင်ရှားပေါ်လွင်ပါသည်။ ထိုသူများအားအလုပ်မှထုတ်ပယ်ခြင်းမှာ သင့်လျော်ကြောင်းတွေ့ရှိရပါသည်။ လက်ရောက်ကျူးလွန်မှုမပြုခဲ့သော ဦးထွန်းထွန်းဝင်းအား အလုပ်ထုတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းကလည်း အလုပ်ပြန်လည်လုပ်ခွင့်ရရန် မတောင်းဆိုတော့သည်ကိုတွေ့ရှိရပါသည်။

၂၁။ ဖြစ်ရပ်တွင်ပါဝင်ခဲ့သော်လည်း ဖြစ်ရပ်စတင်ဖြစ်ပေါ်စေခဲ့သူမဟုတ်ခြင်းနှင့် ကိုယ်ထိလက်ရောက်ကျူးလွန်မှုမပြုခဲ့သဖြင့် အလုပ်ထုန်နစ်နာကြေးတောင်းခံခြင်းကို စဉ်းစားဆောင်ရွက်သင့်သည်ဟု သုံးသပ်ရရှိသဖြင့် အောက်ပါအတိုင်းဆုံးဖြတ်လိုက်ပါသည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၉/၂၀၁၇) ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |